**ခုံသမာဓိကောင်စီ**

**ခုံအဖွဲ့၏ဆုံးဖြတ်ချက်**

{ နည်းဥပဒေ ၂၃(စ) }

**ခုံအဖွဲ့**

၂၀၁၅ ခုနှစ်၊ လျှောက်ထားသည့်အငြင်းပွားမှုအမှတ်(၃၈/၂၀၁၅)

| | |
|---|---|
| ဦးစိုးလင့်(ပိုင်ရှင်)<br>Hi Star ဖော့ဘူးစက်ရုံ<br>အမှတ်(၂၂/၂၃)၊ ကနောင်မင်းသားကြီးလမ်း၊<br>ဒဂုံဆိပ်ကမ်းစက်မှုဇုန်(၂)၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)<br>မြို့နယ်။ | လျှောက်ထားသူ |

နှင့်

| | |
|---|---|
| ဦးအောင်သူဖြိုးပါ(၁၂)ဦး<br>အမှတ်(၁၅၈၃)၊ ကရဏာလမ်း၊<br>(၁၀၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)<br>မြို့နယ်။ | လျှောက်ထားခြင်းခံရသူ |

ရက်စွဲ၊ ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၇ ရက်

**ဆုံးဖြတ်ချက်**

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ဒဂုံဆိပ်ကမ်းစက်မှုဇုန်(၂)ကနောင်မင်းသားကြီးလမ်း၊ အမှတ်(၂၂/၂၃)ရှိ Hi Star ဖော့ဘူးစက်ရုံ ပိုင်ရှင် ဦးစိုးလင့်နှင့် အလုပ်သမား ဦးအောင်သူဖြိုးပါ(၁၂)ဦးတို့အကြားဖြစ်ပွားသော အငြင်းပွားမှုကို ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှ ညှိနှိုင်းဖျန်ဖြေရာတွင်ပြေလည်မှုမရရှိသည့်အတွက် ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့သို့ လွှဲအပ်ခဲ့ခြင်းဖြစ်ပေသည်။

၂။ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့က အငြင်းပွားမှုအမှတ်(၅၁/၂၀၁၅)အဖြစ် လက်ခံစစ်ဆေးကြားနာပြီး၊၃၀-၇-၂၀၁၅ရက်စွဲဖြင့်ဆုံးဖြတ်ချက်ချမှတ်ခဲ့ရာ “တောင်းဆိုသူ ၁၂ ဦးအား ခိုင်လုံသောအပြစ်မရှိဘဲ အလုပ်မှထုတ်ခဲ့သဖြင့် မူလလစာ၊ မူလရာထူးအား မူလလုပ်သက်မပျက်

ဖြင့် အလုပ်ပြန်လည်ခန့်အပ်ရန်နှင့် ကြားကာလနစ်နာကြေးအား အလုပ်ထုတ်သည့်နေ့မှ အလုပ်ပြန်ခန့်ထားသည့်နေ့အထိ နောက်ဆုံးထုတ်လစာ(OT)မပါဖြင့် တွက်ချက်ထုတ်ပေးရန်" ပါရှိပေသည်။

၃။ အဆိုပါ ဆုံးဖြတ်ချက်အပေါ် ပိုင်ရှင်ဖြစ်သူကမကျေနပ်သည့်အတွက် ပြန်လည်ဆုံးဖြတ်ပေးပါရန် ခုံသမာဓိကောင်စီသို့ဆက်လက်တင်ပြ လျှောက်ထားခဲ့သည့်အတွက် ခုံသမာဓိကောင်စီက အငြင်းပွားမှုအမှတ်(၃၈/၂၀၁၅)အဖြစ် ပြန်လည်ကြားနာစစ်ဆေးဆုံးဖြတ်ပေးရန် အစိုးရကိုယ်စားလှယ် ဦးအောင်စံတင် (ဥက္ကဋ္ဌ)၊ အဖွဲ့ဝင်များအဖြစ် အလုပ်ရှင်ကိုယ်စားလှယ် ဦးမောင်မောင်ဝင်း၊ အလုပ်သမားကိုယ်စားလှယ် ဦးဌေး တို့ပါဝင်သည့် ခုံအဖွဲ့ကိုဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သည်။

၄။ ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့သည် ဤအငြင်းပွားမှုနှင့်စပ်လျဉ်း၍ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့၏ မှတ်တမ်းများ၊ ရန်ကုန်တိုင်း ခုံသမာဓိအဖွဲ့၏ စစ်ဆေးတွက်ဆိုချက်မှတ်တမ်းများ၊ခုံအဖွဲ့ရှေ့မှောက်သို့ ဆင့်ဆိုခေါ်ယူ၍ ကြားနာစစ်ဆေးမေးမြန်းရရှိသည့်အချက်များအပေါ် အခြေပြု၍ အောက်ပါကောက်ချက်ကို ရေးဆွဲချမှတ်ခဲ့သည်-

**ကောက်ချက်အမှတ်(၁)။** အလုပ်သမား ဦးအောင်သူဖြိုးပါ(၁၂)ဦးအား အလုပ်ပြန်လည်ခန့်ထားရန်နှင့် ကြားကာလနစ်နာကြေးပေးရန် ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့မှ ဆုံးဖြတ်ခဲ့မှုအပေါ် အလုပ်ထုတ်နစ်နာကြေးပေး၍ အလုပ်မှရပ်နားလိုသဖြင့် ပြင်ဆင်ဆုံးဖြတ်ပေးပါရန်အယူခံလျှောက်ထားလာခြင်းဖြစ်သည်။

**သုံးသပ်ချက်အမှတ်(၁)။** မြို့နယ် ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့၊ ခုံသမာဓိအဖွဲ့တို့တွင် အလုပ်ရှင်ဘက်မှ ဆက်လက်လက်တွဲလုပ်ဆောင်ရန် မဖြစ်နိုင်တော့ပါသဖြင့် အလုပ်ထုတ်နစ်နာကြေးပေး၍ အလုပ်သမား(၁၂)ဦးအားအလုပ်မှရပ်နားလိုကြောင်းတင်ပြခဲ့သော်လည်း အလုပ်သမား(၁၂)ဦးမှလက်ခံခြင်းမရှိသည့်အတွက် ခုံသမာဓိအဖွဲ့မှ အလုပ်ပြန်လည်ခန့်ထားရန် ဆုံးဖြတ်ခဲ့ပေသည်။သို့အတွက်ခုံသမာဓိကောင်စီသို့ အယူခံလျှောက်ထားခဲ့ရာအလုပ်ရှင်ဘက်မှ ဦးအောင်သူဖြိုးပါအလုပ်သမား(၁၂)ဦးနှင့်ဆက်လက်လက်တွဲလုပ်ဆောင်ရန်မဖြစ်နိုင်တော့ပါသဖြင့်အလုပ်ထုတ်နစ်နာကြေးသာ ပေးလိုကြောင်း ဆက်လက်တွက်ဆိုတင်ပြခဲ့သည်။အလုပ်သမားများဘက်မှလည်းအလုပ်သမား(၁၂)ဦး၏ကိုယ်စားတက်ရောက်လာသည့် ဦးအောင်သူဖြိုးနှင့် ဦးနိုင်ထက်လူတို့မှ

အလုပ်ရှင်မှပြန်လည်ခန့်ထားရန် ဆန္ဒမရှိတော့ပါက အလုပ်ထုတ်နစ်နာကြေးကို အလုပ်ထုတ်ခံရသည့်နေ့နှုန်းထားဖြင့် တွက်ချက်ခံစားခွင့်ရရှိမည်ဆိုပါကလက်ခံမည်ဖြစ်ကြောင်း ထွက်ဆိုတင်ပြလာခဲ့သည်။ အလုပ်ရှင်မှလည်း အလုပ်သမားများ၏ တောင်းဆိုမှုကို သဘောတူပါကြောင်း တင်ပြလာခဲ့သည်။ ထို့ကြောင့် ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့ ဆုံးဖြတ်ချက်ကိုပြင်ဆင်၍ အောက်ပါအတိုင်းခံစားခွင့်ပြုရန် ပြင်ဆင်ဆုံးဖြတ်လိုက်သည်-

ဆုံးဖြတ်ချက်အမှတ်(၁)။ ဦးအောင်သူဖြိုးပါ အလုပ်သမား(၁၂)ဦးအား အောက်ပါနှုန်းထားများအတိုင်း အလုပ်ထုတ်နစ်နာကြေးများကို ခံစားခွင့်ပြု၍ အလုပ်ရပ်စဲရန် ဆုံးဖြတ်လိုက်သည် -

| အမည် | လစာ | နှိုတစ်ကြေး(၁)လစာ | အလုပ်ထုတ်နစ်နာကြေး | စုစုပေါင်း |
|---|---|---|---|---|
| ဦးအောင်သူဖြိုး | ၁၀၆၀၀၀ိ/- | ၁၀၆၀၀၀ိ/- | ၁၀၆၀၀၀ိ/- | ၂၁၂၀၀၀ိ/- |
| ဦးနိုင်ထက်လူ | ၁၄၀၀၀၀ိ/- | ၁၄၀၀၀၀ိ/- | ၄၂၀၀၀၀ိ/- | ၅၆၀၀၀၀ိ/- |
| မတင်ဇာဝင်း | ၁၈၈၀၀၀ိ/- | ၁၈၈၀၀၀ိ/- | ၅၆၄၀၀၀ိ/- | ၇၅၂၀၀၀ိ/- |
| မနော်သွဲ့ဖော | ၁၃၈၀၀၀ိ/- | ၁၃၈၀၀၀ိ/- | ၄၁၄၀၀၀ိ/- | ၅၅၂၀၀၀ိ/- |
| ဦးဝင်းနိုင် | ၁၄၂၀၀၀ိ/- | ၁၄၂၀၀၀ိ/- | ၄၂၆၀၀၀ိ/- | ၅၆၈၀၀၀ိ/- |
| ဦးသန့်ဇင်ဝင်း (ခ)အောင်သူဖြိုး | ၁၂၈၀၀၀ိ/- | ၁၂၈၀၀၀ိ/- | ၂၅၆၀၀၀ိ/- | ၃၈၄၀၀၀ိ/- |
| ဦးဝေဖြိုးကျော် | ၁၂၀၀၀၀ိ/- | ၁၂၀၀၀၀ိ/- | ၁၂၀၀၀၀ိ/- | ၂၄၀၀၀၀ိ/- |
| ဦးဇော်ထက် | ၁၄၃၀၀၀ိ/- | ၁၄၃၀၀၀ိ/- | ၁၄၃၀၀၀ိ/- | ၂၈၆၀၀၀ိ/- |
| ဦးနေဇော်အောင် | ၁၀၉၀၀၀ိ/- | ၁၀၉၀၀၀ိ/- | ၁၀၉၀၀၀ိ/- | ၂၁၈၀၀၀ိ/- |
| ဦးဇင်ကိုကို | ၁၀၆၀၀၀ိ/- | ၁၀၆၀၀၀ိ/- | ၁၀၆၀၀၀ိ/- | ၂၁၂၀၀၀ိ/- |
| ဦးမျိုးခိုင် | ၁၃၆၀၀၀ိ/- | ၁၃၆၀၀၀ိ/- | ၁၃၆၀၀၀ိ/- | ၂၇၂၀၀၀ိ/- |
| ဦးအောင်နိုင်လင်း(ခ) ဖြိုးကိုကို | ၁၃၆၀၀၀ိ/- | ၁၃၆၀၀၀ိ/- | ၂၇၂၀၀၀ိ/- | ၄၀၈၀၀၀ိ/- |

ဤဆုံးဖြတ်ချက်သည်အထက်တွင်ဖော်ပြထားသောနေ့ရက်နေ့မှစ၍အာဏာတည်စေရမည်။

ဦးမောင်မောင်ဝင်း
အဖွဲ့ဝင်

ဦးအောင်စံတင်
ဥက္ကဋ္ဌ

ဦးဌေး
အဖွဲ့ဝင်